


## အလျှောက်ကောင်းတော့ အထောင်းသက်သာ

အရှိန်လွန်မောင်းသွားသည့်ကားကို ရဲက အမီလိုက်ဖမ်းနေသည်။ ကားထဲက ငနဲက တနာရီမိုင်၁၀၀နှုန်း အရှိန်တင်၍ လွတ်အောင်ပြေးဖို့ ကြိုးစားသော်လည်း နောက်ဆုံး မလွတ်နိုင်တော့မှန်းသိတော့ ကားကို ရပ်လိုက်သည်။ ရဲက ကားနားကပ်လာပြီး ပြောလိုက်သည်။ ""တော်တော်ရှည်လျားတဲ့ နေ့တနေ့ပဲ။ ငါ့တာဝန်ချိန်က ပြီးလုနီးနေပြီ။ ကဲ မင်းရဲ့အပြုအမူအတွက် အကြောင်းပြချက်ကောင်းကောင်းပေးနိုင်ရင် မင်းကိုလွှတ်ပေးလိုက်မယ်""။ ကားထဲက ငနဲက စက္ကန့်အနည်းငယ်ကြာအောင် စဉ်းစားပြီးမှ ""ပြီးခဲ့တဲ့အပတ်ကပဲ ကျုနော့်မိန်းမက ရဲနဲ့ လိုက်ပြေးသွားတယ်ဆရာ။ ဆရာက ကျုနော့်မိန်းမကို ပြန်ပေးဖို့ အတင်းလိုက်နေတဲ့ အဲဒီရဲထင်လို့ပါဆရာ""။





## ဘုန်းကြီးနှင့် ရှေ့နေ

ငယ်ရွယ်သည့် ကက်သိုလစ်စုံတွဲတတွဲမှာ လက်ထပ်မင်္ဂလာပွဲသို့သွားရင်း လမ်းခုလတ်တွင် ယာဉ်တိုက်မှုဖြစ်ကာ သေဆုံးသွားကြသည်။ နှစ်ဦးသားမှာ သူတို့ကိုယ်သူတို့ ကောင်းကင်ဘုံကိုသွားဖို့ ပုလဲဂိတ်တံခါးတွင် စိန့်ပီတာအလာကို စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရသည်။ စောင့်ရင်းနှင့် သူတို့စဉ်းစားမိလာသည်။ ကောင်းကင်ဘုံမှာ သူတို့လက်ထပ်နိုင်မလားလို့။ စိန့်ပီတာပေါ်ပေါ်လာချင်းပင် သူတို့က အလောတကြီးမေးလိုက်သည်။ စိန့်ပီတာ တွေဝေသွားသည်။ ""ငါမသိဘူး။ ဒီလိုအမေးခံရတာ ဒါ ပထမဆုံးအကြိမ်ပဲ။ ငါ သွားရှာကြည့်ဦးမယ်""။ စိန့်ပီတာ ထွက်ခွာသွားသည်။ တလလည်းပေါ်မလာ၊ နှစ်လလည်လည်းပေါ်မလာ။ စောင့်ရင်း စောင့်ရင်းနှင့်မှ သူတို့ စဉ်းစားမိပြန်သည်။ အဆင်မပြေခဲ့ရင်ရော သူတို့ကောင်းကင်ဘုံမှာ ကွာရှင်းပြတ်စဲလို့ရသလား။ နောက်တလလောက်ကြာတော့မှ စိန့်ပီတာမှာ ပိုသီဖတ်သီနဲ့ ပြန်ရောက်လာသည်။ ""ရတယ်။ မင်းတို့ ကောင်းကင်ဘုံမှာ လက်ထပ်လို့ရတယ်""လို့ စိန့်ပီတာ အမောတကောနှင့်ပြောသည်။ ""သိပ်ကောင်းတာပေါ့။ တပည့်တော်တို့က အဆင်မပြေခဲ့ရင် ကွာရှင်းပြတ်စဲလို့ရော ရသလားလို့ စဉ်းစားနေတာ""။ စိန့်ပီတာ ဒေါသဖြင့် မျက်နှာကြီးနီရဲသွားပြီး လက်ထဲက စာရွက်ညှပ်ပြားကိုလည်း မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်သည်။ ""ဒီနေရာ မှာ ဘုန်းကြီးတပါးရှာဖို့တောင် သုံးလကြာတယ်။ ရှေ့နေတယောက်ကို ရှာဖို့ဆိုရင် အချိန်ဘယ်လောက်ကြာမယ်လို့ မင်းတို့ထင်တုန်း""။

